Highlights from DVB Business Debate's increase export show
February 25, 2017
"How can we increase export?"

"နိုင်ငံတကာဈေးကွက်ကိုသွားတဲ့နေရာမှာ အရည်အသွေးမီတဲ့ ကောင်းမွန်တဲ့ပစ္စည်းတွေဖြစ်ရမယ်။ ဈေးနှုန်းအရလဲ ယှဉ်ပြိုင်နိုင်မှုရှိတဲ့ ပစ္စည်းတွေဖြစ်မှသာ ဈေးကွက်ကိုရရှိမှာဖြစ်တယ်။ ဒီ့အတွက်လဲ အခြေခံအဆောက်အအုံတွေ ပြည့်စုံဖို့လိုပါတယ်။ ဒါကြောင့် ဒီအခြေခံအဆောက်အအုံတွေ ပြည့်စုံမှဘဲ ကျွန်တော်တို့ဟာ ယှဉ်ပြိုင်လို့ရမှာဖြစ်ပါတယ်" ဦးနှင်းဦး (အကြီးတန်းဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)

--------------------------------------------------------------------------------------------------------

"အိန္ဒိယအစိုးရကိုယ်တိုင်က ပဲဈေးနှုန်းကြီးမြှင့်မှုကို လျှော့ချဖို့အတွက် မနှစ်ကတည်းက အစီအမံတွေ ချပြီးဆောင်ရွက်နေတာပါ။ ဘာတွေကို အဓိကထားပြီးလုပ်လဲဆိုရင် ပြည်တွင်းကို သယ်လာတဲ့ပဲတွေကို ဆိပ်ကမ်းမှာ ၁၅ ရက်ထပ်ကျော်ပြီး မထားဖို့ နဲ့ သိုလှောင်ရုံကိုဝင်လာတဲ့ ပစ္စည်းတွေကိုလဲ တန် ၂၀၀ ၊ တန် ၃၀၀ ထက်ပိုပြီး မထားဖို့ဆိုတဲ့ ကန့်သတ်ချက်တွေကြောင့် မြန်မာ့အိတ်စပို့စ်ပဲဈေးတွေဟာ ကျဆင်းမှုရှိလာပါတယ်" ဦးမင်းကိုဦး (အတွင်းရေးမှူး၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်း တင်ပို့ရောင်းချသူများအသင်း)

--------------------------------------------------------------------------------------------------------

"ရေလုပ်ငန်းက သဘာဝကနေ ဖမ်းဆီးတာဖြစ်လို့ နည်းစနစ်တကျနဲ့ ဖမ်းဆီးဖို့တော့လိုပါတယ်။ ဘာလို့လဲဆိုတော့ ပို့ကုန်ဝင်ငွေပြလို့ လှေအစီးရေတွေအများကြီးနဲ့ဖမ်းမယ်ဆိုရင်တော့ နောင်သားစဉ်မြေးဆက်အတွက် စဉ်းစားရပါမယ်။ဘာလို့လဲဆိုတော့ ထိုင်းနိုင်ငံမှာဖြစ်တဲ့ အဖြစ်အပျက်မျိုး မဖြစ်ဖို့လိုပါတယ်" ဒေါ်ဌေးဌေးဝင်း (အမှုဆောင်ဒါရိုက်တာ Myanmar Fisheries International ltd)

--------------------------------------------------------------------------------------------------------

"ဈေးကွက်ရှာဖို့ဆိုတဲ့နေရာမှာ ဘဏ်စနစ်တွေက အများကြီးလိုပါသေးတယ်။ ကျွန်တော်တို့ရဲ့ဘဏ်တွေမှာ ငွေလိုလို့ချေးမယ်ဆိုရင် မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းကို အပေါင်ထားပြီး ချေးတာမျိုးနဲ့ လည်ပတ်နေရတာပါ။ နိုင်ငံတကာဘဏ်တွေမှာတော့ တကယ်အရောင်းအဝယ်လုပ်တဲ့နေရာမှာ ရောင်းသူနဲ့ဝယ်သူအကြား အာမခံစနစ်မျိုးရှိတယ်။ ကျွန်တော်တို့ဘဏ်တွေမှာ ဒါမျိုးဖြစ်လာမယ်ဆိုရင် နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်မယ့်အနေအထားရှိလာမယ်" ဦးမင်းကိုဦး (အတွင်းရေးမှူး၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်း တင်ပို့ရောင်းချသူများအသင်း)

--------------------------------------------------------------------------------------------------------

"ရေထွက်ပို့ကုန်တွေ ဥရောပဈေးကွက်ကိုသွားဖို့ဆိုရင် နိုင်ငံတကာစံသတ်မှတ်ချက်တွေလိုပါတယ်။ ထောက်ခံချက်ရရုံနဲ့ မပြီးပါဘူး။ ဆိပ်ကမ်းကနေထွက်တဲ့အချိန်ကစပြီး လှေပေါ်မှာတဲ့လှေသားတွေပါ လူ့အခွင့်အရေး အပြည့်အဝရရဲ့လား

စတဲ့စံနှုန်းသတ်မှတ်ချက်တွေ အများကြီးလိုပါတယ်” ဒေါ်ဌေးဌေးဝင်း (အမှုဆောင်ဒါရိုက်တာ Myanmar Fisheries International ltd)

---

“ဥရောပဈေးကွက်က သတ်မှတ်ထားတာ အပိုင်း ၂ ပိုင်း ရှိတာပေါ့။ ဖမ်းဆီးရေးမှာက တရားမဝင်ငါးဖမ်းဆီးတာ၊ သတ်မှတ်ထားတဲ့ ငါးဖမ်းပိုက်နဲ့ဖမ်းဆီးတာ။ မွေးမြူရေးမှာတော့ ဌာနဆိုင်ရာထောက်ခံချက်ပေါ့နော်။ အဲ့တော့ ဖမ်းဆီးရေးမှာ သတ်မှတ်ထားတဲ့အတိုင်းဖြစ်ဖို့တော့ အတော်လေးခက်ပါတယ်” ဦးနှင်းဦး (အကြီးတန်းဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)

---

Second segment

“အခုဖြစ်နေတာက တချို့ဟာ တရားဝင်ခွင့်ပြုထားတဲ့ပစ္စည်းဖြစ်ပေမယ့်လဲ အကောက်ခွန်ကင်းလွတ်ချင်တာနဲ့ပဲ မှောင်ခိုကနေ ဝင်လာတာရှိတယ်။ အကြောင်းအမျိုးမျိုးပေါ့နော်။ တချို့ဟာကျတော့ အစိုးရက မသိစေချင်လို့ ခိုးသွင်းတာလဲရှိတယ်” ဦးနှင်းဦး (အကြီးတန်းဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)

---

“တရားမဝင်ကုန်စီးမှုကိုသာ ထိန်းချုပ်နိုင်မယ်ဆိုရင် စီးပွားကူးသန်းဝန်ကြီးဌာနက မျှော်မှန်းထားတဲ့ ပို့ကုန် ၃ ဆက အများကြီးဖြစ်နိုင်ပါတယ်။ ကျွန်မတို့မှာ အဓိကအားနည်းချက်က ဖမ်းလာတဲ့ငါးဖမ်းရေယာဉ်တွေဟာ ဆိပ်ကမ်းမှာလာမကပ်ဘူး။ စာရွက်စာတမ်းနဲ့သာထွက်သွားတယ်” ဒေါ်ဌေးဌေးဝင်း (အမှုဆောင်ဒါရိုက်တာ Myanmar Fisheries International ltd)

---

“ဘဏ်တွေဟာ စီးပွားရေးရဲ့အသက်သွေးကြောဘဲ။ ဈေးကွက်စီးပွားရေးစနစ်မှာ ဘဏ်တွေရဲ့အခန်းကဏ္ဍဟာ အရေးအကြီးဆုံးဘဲ။ အခုဆိုရင် အသေးစားချေးငွေပေးတာမျိုးတွေရှိတယ်။ဒါပေမယ့် ဒါက စားဝတ်နေရေး မဆိုသလောက် အဆင်ပြေရုံလောက်ဘဲရှိတယ်။ တိုင်းပြည်ရဲ့စီးပွားရေးတစ်ခုလုံး တက်လာအောင်တော့မပေးနိုင်ဘူး” ဦးနှင်ဦး (အကြီးတန်းဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)

---

“ကျွန်တော်တို့ရဲ့ ပို့ကုန် မြှင့်တင်ဖို့လို့ ပို့ကုန်ဝင်ငွေတိုးတက်ဖို့ဆိုရင် ဘဏ်စနစ်တွေ အများကြီးလိုပါတယ်။ လက်ရှိ ဒီမှာရှိနေတဲ့ နိုင်ငံတကာဘဏ်တွေကို နိုင်ငံတကာမှာဆောင်ရွက်နေတဲ့အတိုင်း လုပ်ခွင့်ပေးရမယ်။ အဲ့ဘဏ်တွေကို ကုန်သည်တွေနဲ့ချိတ်ဆက်ပြီး လုပ်နိုင်မယ်ဆိုရင် နိုင်ငံတကာဈေးကွက်ကိုလဲ ထိုးဖောက်နိုင်မှာဖြစ်ပါတယ်” ဦးမင်းကိုဦး (အတွင်းရေးမှူး၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်း တင်ပို့ရောင်းချသူများအသင်း)

---

“ပို့ကုန်မြှင့်တင်ဖို့ဆိုရင် ကျွန်တော်တို့ဟာ အခြေခံအဆောက်အအုံလိုအပ်ချက်တွေ ငွေကြေး နဲ့ နည်းပညာ ဒါတွေအားလုံး ကသူ့နေရာနဲ့သူ မှန်ကန်စွာရှိဖို့လိုပါတယ်။ ဒါတွေလိုအပ်ချက်ရှိနေလို့လဲ ကျွန်တော်တို့ဟာ ပန်းတိုင်မရောက်ဘူးဖြစ်နေ

တယ်။ အဲ့ဒါတွေကို သက်ဆိုင်ရာလုပ်ငန်းရှင်တွေနဲ့ အစိုးရက ထဲထဲဝင်ဝင်ဆွေးနွေးပြီးတော့ လုပ်ဖို့လိုပါတယ်” ဦးနှင်းဦး (အကြီးတန်းဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)

-----------------------------------------------------------------------------------------------------------------------

“ပဲမျိုးစုံစိုက်ပျိုးမှုက ကျွန်တော်တို့မှာရှိတဲ့ လယ်ဧကရဲ့ ၂၅ ရာခိုင်နှုန်းနီးပါးဘဲ အမှန်တကယ်စိုက်ပျိုးတာပါ။ အဲ့တော့ လယ်သမားဘက်က တကယ်တွန်းတွန်းတိုက်တိုက်စိုက်လာမယ်ဆိုရင် ပို့ကုန်တိုးလာမယ့်အနေအထားရှိပါတယ်။ ဒါပေမယ့် လယ်သမားတွေအတွက် လိုအပ်တဲ့ ငွေရေးကြေးရေးပိုင်းကို အစိုးရပိုင်းက စဉ်းစားပေးဖို့လိုပါတယ်” ဦးမင်းကိုဦး (အတွင်းရေးမှူး၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်း တင်ပို့ရောင်းချသူများအသင်း)

------------------------------------------------------------------------------------------------------------------

“ရေလုပ်ငန်းမှာ အစိုးရအနေနဲ့ ဖမ်းဆီးရေးဥပဒေကို စာအုပ်ထဲမှာ မထားပါနဲ့။ လက်တွေ့ကျင့်သုံးပါ။ ပြီးတော့ ဖမ်းဆီးရေးမှာ ရက်ရှည်ခွင့်မပြုဖို့လိုပါတယ်။ ဘာလို့လဲဆိုတော့ ရက် ၉၀ အထားမခံတဲ့ငါးကို ရက်ရှည်ခွင့်ပြုတာက တရားမဝင်ကုန်စီးမှုကို အားပေးအားမြှောက်ပြုရာ ရောက်ပါတယ်” ဒေါ်ဌေးဌေးဝင်း (အမှုဆောင်ဒါရိုက်တာ Myanmar Fisheries International ltd)

-------------------------------------------------------------------------------------------------------------